# ဆာလောင်နေသော
# ဘီလူးကြီး



ပညာ

unicef


ဆာလောင်နေသော

# ဘီလူးကြီး



တစ်ခါတုန်းက ဘီလူးကြီးတစ်ကောင်ဟာ လူတွေနေတဲ့ရွာမှာ လာပြီးနေတယ်။

လူတွေကတော့ ဘီလူးကြီး အခုလိုလာနေတာကို မကြိုက်ကြဘူး။ ဒါပေမယ့် ဘီလူးကြီးမှာ တင်းပုတ်ကြီး ရှိနေတာမို့ သူ့ကိုကြောက်ရွံ့နေကြတာပေါ့။



ဘီလူးကြီးဟာ အလွန့်အလွန် ဆာလောင်တတ်တယ်။ နေ့တိုင်း နေ့တိုင်း သူစားဖို့ စားစရာအတွက် ရွာသားတွေကို ဟိန်းဟောက်ပြီး ရှာခိုင်းနေတာပဲ။

ရွာသားတွေဟာ ဘီလူးကြီး စိတ်ဆိုးမှာကို ကြောက်ကြတော့ ဘီလူးကြီး လိုချင်တာမှန်သမျှ အပြေးအလွှား ရှာဖွေပေးကြရတယ်။



ဘီလူးကြီးဟာ ရွာထဲမှာနေလာတာ တစ်နှစ်ကျော်ကြာလာပြီဖြစ်တယ်။

တစ်နေ့မှာ ဘီလူးကြီးဟာ အိပ်ရာကနိုးလာပြီး ဆာလောင်လာတော့ ထုံးစံအတိုင်း ဟိန်းဟောက်ပြီး ခိုင်းတော့တာပဲ။

'ငါ ထမင်းစားချင်တယ်၊ ထမင်းယူလာခဲ့၊ မယူလာရင် ငါ့တင်းပုတ်နဲ့ နင်တို့ကို ထုပစ်လိုက်မယ်' လို့ ဘီလူးကြီးက ဟိန်းဟောက်လိုက်တယ်။



လူတွေဟာ အပြေးအလွှားနဲ့ ဆန်တွေရှာဖွေပြီး ဘီလူးကြီးကို ထမင်းအဝ ကျွေးမွေးကြရတယ်။



‘ငါ ကြက်သားဟင်း စားချင်တယ်၊ ကြက်သားဟင်း ယူလာခဲ့၊ မယူလာရင် ငါ့တင်းပုတ်နဲ့ နင်တို့ကို ထုပစ်လိုက်မယ်’ လို့ ဘီလူးကြီးက ဟိန်းဟောက်ပြန်တယ်။

လူတွေဟာ အပြေးအလွှားနဲ့ ကြက်တွေ ရှာဖွေပြီး ဘီလူးကြီးကို ကြက်သားဟင်း အဝကျွေးမွေးကြရတယ်။




‘ငါ လက်ဖက်ရည်သောက်ချင်တယ်၊ လက်ဖက်ရည်ယူလာခဲ့၊ မယူလာရင် ငါ့တင်းပုတ်နဲ့ နင်တို့ကို ထုပစ်လိုက်မယ်’ လို့ ဘီလူးကြီးက ဟိန်းဟောက်လိုက်တယ်။

လူတွေဟာ အပြေးအလွှားနဲ့ လက်ဖက်ရည်တွေ ဖျော်ပြီး ဘီလူးကြီးကို လက်ဖက်ရည် အဝ တိုက်ကြရတယ်။



‘ငါ ပျားရည်လိုချင်တယ်၊ ပျားရည်ယူလာခဲ့၊ မယူလာရင် နင်တို့ကို ငါ့တင်းပုတ်နဲ့ ထုပစ်လိုက်မယ်’ လို့ ဘီလူးကြီးက ဟိန်းဟောက်လိုက်တယ်။

လူတွေဟာ ပျားရည်ကို နေရာအနှံ့ အပြေးအလွှားနဲ့ လိုက်ရှာကြတယ်။ ဒါပေမယ့် ဘယ်မှာမှ ရှာမတွေ့ကြဘူး။



‘ငါ ပျားရည်လိုချင်တယ်၊ ပျားရည်ယူလာခဲ့၊ မယူလာရင် ငါ့တင်းပုတ်နဲ့ နင်တို့ကို ထုပစ်လိုက်မယ်’ လို့ ဘီလူးကြီးက ထပ်ပြီး ဟိန်းဟောက်လိုက်တယ်။



လူတွေဟာ ပျားရည်ကို ထပ်ပြီး အပြေးအလွှားနဲ့ ရှာဖွေကြရပြန်တယ်။ ဒါပေမယ့် ဘယ်မှာမှ ရှာလို့ မတွေ့ကြဘူး။

အဲဒီအချိန်မှာ မိန်းကလေးငယ်လေးတစ်ယောက်က 'ပျားရည်ရှိတဲ့နေရာကို ကျွန်မသိတယ်' လို့ ပြောပြီး ရွာသားအချို့ကို တောထဲက ပျားအုံရှိတဲ့နေရာကို ခေါ်ဆောင်သွားတယ်။

သူတို့ဟာ ပျားအုံကို သေသေချာချာခွာပြီး ဘီလူးကြီးဆီကို ယူလာပေးတယ်။



‘ဒီမှာ မင်းအတွက် ပျားရည်ရပြီ’ လို့ ရွာသားတွေကပြောတယ်။

ဘီလူးကြီးက ‘ဒါ ပျားရည်မှ မဟုတ်ဘဲ’ လို့ ပြောပြီး သူ့တင်းပုတ်ကြီးနဲ့ ပျားအုံကို ထုပစ်လိုက်တယ်။



အဲဒီအခါ ပျားအုံထဲက ပျားတွေထွက်လာပြီး ဘီလူးကြီးဆီကို ပျံလာကြတယ်။

ဘီလူးကြီး ထွက်ပြေးတော့ ပျားတွေဟာ သူ့နောက်ကို လိုက်ပြီး တုပ်ကြတာပေါ့။

ဒီလိုနဲ့ ဘီလူးကြီးကို ရွာမှာနောက်ထပ် ဘယ်တော့မှ မတွေ့ရတော့ဘူး။





သရုပ်ဖော် ဒီဇိုင်း သိန်းဝင်းအောင်



ယူနီဆက်မှ အခမဲ့ ဖြန့်ဝေသည်။
ရောင်းချရန် မဟုတ်ပါ။